## သမ္မာကျမ်းဆိုင်ရာအတွေးအမြင် - မျှော်ကိုးရာမဲ့အခြေ အနေထဲမှ မျှော်လင့်ချက်





သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့် မျှော်လင့်ခြင်းပါရမီနှင့်ကြွယ်ဝစေခြင်းငှါ၊ ယုံကြည်သောစိတ်ရှိ၍ ဝမ်းမြောက်သက်သာခြင်းအမျိုးမျိုးတို့နှင့်ပြည့်စုံမည်အကြောင်း၊ မျှော်လင့်ခြင်း၏အရှင်၊ဘုရားသခင်သည် ကယ်မသနားတော်မူပါစေသော။ (ရောမသြဝါဒစာ ၁၅း၁၃)

ဆုံးရှုံးမှုများစွာနှင့်အခွင့်အလမ်းတံခါးများပိတ်ထားခံရသည့်အခြေအနေမျိုး၌ မျှော်လင့်ခြင်းကို မည်သို့ရရှိနိုင်ပါမည်နည်း။ အနာဂတ်ဝေဝါးနေသည့်အချိန်၊ အခြားသူများအတွက်အခွင့်အလမ်းရှိသော်လည်း မိမိ အတွက် မည်သည့်အခွင့်အလမ်းမျှမရှိသည့်အချိန်မျိုးတွင် မျှော်လင့်ခြင်းကို မည်သို့ ရရှိနိုင်ပါမည်နည်း။

ဖိလိပ္ပိမြို့ရှိခရစ်ယာန်ယုံကြည်သူများထံသို့ ရှင်ပေါလုစာရေးသည့်အခါတွင် ခက်ခဲမှုနှင့် ဒုက္ခပြဿနာများကြား၌ငြိမ်သက်ခြင်း(ကျေနပ်ရောင့်ရဲခြင်း)ကို သူမည်သို့ရှာတွေ့ခဲ့ကြောင်းဖော်ပြခဲ့ပါသည်။ ဘုရားရှင်ထံမှလာသည့်ခွန်အားဖြင့် ခက်ခဲမှုများ၊စုံစမ်းနှောင့်ယှက်ခြင်းများကို ကျော်လွှားပြီး ဧဝံဂေလိ လုပ်ငန်းကိုသာ ဆက်လက်လုပ်ဆောင်နိုင်ခြင်းဖြစ်ကြောင်း ရှင်ပေါလုပြောကြားခဲ့သည်။(ဖိလိပ္ပိ ၄း၁၂-၁၃) ရှင်ပေါလု ဘာကိုဆိုလိုပါသနည်း။

ဖြစ်မလာနိုင်သည့်အရာများကို မျှော်လင့်ရင်းစိတ်ဖြေခြင်းမျိုးမဟုတ်ကြောင်း ရှင်ပေါလုကပြော ထားပါသည်။ ကြုံတွေ့ရသည့်အခြေအနေများက ကောင်းသည်ဖြစ်စေ၊ဆိုးသည်ဖြစ်စေ၊ လွယ်သည် ဖြစ်စေ၊ ခက်ခဲသည်ဖြစ်စေ၊ စိတ်ကျေနပ်ဖွယ်

(သို့)စိတ်ပျက်ဖွယ်ဖြစ်နေပါစေ.. သူမပြောင်းလဲနိုင်သည့် အရာများအပေါ်တွင်အာရုံမထားဘဲ၊ ရောင့်ရဲသောစိတ်ဖြင့် ကျေနပ်လက်ခံနိုင်ရန် ဘုရားသခင်ကသူ့ကို မစကူညီထားခြင်းကြောင့်ဖြစ်သည်။

သူခံစားရသည့်အတိုင်း အခြားခရစ်ယာန်ယုံကြည်သူများလည်း ဤသို့ရောင့်ရဲစိတ်ဖြင့်ဝိညာဉ် ခွန်အားရှိပြီး ကြံကြံခံရပ်တည်ရှင်သန်ရန် ရှင်ပေါလုအလိုရှိခဲ့ပါသည်။ ရောမမြို့ရှိ ခရစ်ယာန်များ ထံသို့ ရေးသားသည့်စာ၌ "သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့် မျှော်လင့်ခြင်းပါရမီနှင့် ကြွယ်ဝစေခြင်းငှါ၊ ယုံကြည်သောစိတ်ရှိ၍ ဝမ်းမြောက်သက်သာခြင်းအမျိုးမျိုးတို့နှင့် ပြည့်စုံမည် အကြောင်း၊ မျှော်လင့်ခြင်း၏အရှင်၊ဘုရားသခင်သည် ကယ်မသနားတော်မူပါစေသော" ဟူ၍ ဆုတောင်း ၍ရေးသားခဲ့သည်။ (ရောမသြဝါဒစာ ၁၅း၁၃)

ဤအရာက လက်တွေ့တွင်မည်သို့ကူညီပေးနိုင်ပါသနည်း။ ကျွန်ုပ်၏ဖြတ်သန်းမှုအတွေ့အကြုံအရ ဝမ်းမြောက်ခြင်းနှင့် ပျော်ရွှင်ခြင်းသည် အောက်ပါအချက်များမှဖြစ်တည်လာပါသည်။

- မျှော်လင့်ခြင်းသည်ယုံကြည်ခြင်းမှဖြစ်တည်လာသည် - ဘုရားသခင်သည် သူ၏အလိုတော်ကို ပြည့်စုံစေရန် ကောင်းသည့်ရည်ရွယ်ချက်များ၊ ကောင်းသည့်အလိုတော်များကို ကျွန်ုပ်အား ဖြင့်ဖြစ်စေ၊ ကျွန်ုပ်ဝန်းကျင်ရှိအခြားသော ယုံကြည်သူညီအစ်ကိုမောင်နှမများအားဖြင့်ဖြစ်စေ ပြည့်စုံစေမည်ဟူ၍ယုံကြည်ထားရန်ဖြစ်သည်။
- လုပ်ဆောင်ခြင်းအားဖြင့် မျှော်လင့်ခြင်းဖြစ်ပေါ်လာသည် - ရှင်သန်ရန်ရွေးချယ်ထားခြင်း၊ အဓိပ္ပာယ် ရှိသည့်အရာကိုလုပ်ဆောင်နေခြင်း၊ အကျိုးရှိစွာရှင်သန်ခြင်းအားဖြင့် သင့်မှာ အခြားရွေးချယ်စရာ ရှိနေသေးကြောင်းကို သတိရစေပြီး သင်သည်အစွမ်းအစမဲ့ နေသည် မဟုတ်ကြောင်း၊ သင်အသက် ရှင်နေသည်မှာ အဓိပ္ပာယ်ရှိနေကြောင်းကိုသတိရစေသည်။
- အရေးကြီးဆုံးမှာ ချစ်ခြင်းဂရုဏာအားဖြင့် မျှော်လင့်ခြင်းဖြစ်ပေါ်လာသည် - ဘုရား၏ချစ်ခြင်းကို ရရှိခြင်း၊ ခွင့်လွှတ်နိုင်ခြင်း၊ သနားခြင်းဂရုဏာပြသခြင်း၊ နေ့စဉ်အသက်ရှင်မှုတွင် သန့်ရှင်းသော ချစ်ခြင်းမေတ္တာဖြင့် အရာရာကိုလုပ်ဆောင်ခြင်းအားဖြင့် မျှော်လင့်ခြင်းကိုရရှိနိုင်သည်။

အနာဂတ်နှင့်သက်ဆိုင်၍ မည်သို့သောမျှော်လင့်ချက်မျိုးထားရှိရန်လိုသည်ကို သင့်အနေဖြင့် အချိန်တိုင်းသိနိုင်မည်မဟုတ်သော်လည်း သင့်ဘဝသည် မျှော်လင့်ချက်မဲ့နေပြီဟူ၍ ဘယ်သောအခါမျှ မတွေးလိုက်ပါနှင့်။ ဘုရားသခင်သင့်ကိုလွန်စွာချစ်နေပြီး သန့်ရှင်းသောဝိညာဉ်တော်ဦးဆောင်မှုအောက် ၌အပြည့်အဝအသက်ရှင်ရန် ဘုရားကသင့်ကိုဖိတ်ခေါ်နေပါသည်။ ထို့ကြောင့် သင်၏ယုံကြည်ခြင်းကို

ကိုင်စွဲထားပါ၊ လုပ်နိုင်သည့်အရာကိုအကောင်းဆုံးလုပ်ဆောင်ပါ၊ ချစ်ခြင်းမေတ္တာကိုပေးဝေပါ။ ဤသို့လုပ်ဆောင်ပါက လူ့ဉာဏ်ဖြင့်ကြံစည်၍မမှီနိုင်သော ဘုရားသခင်ပေးသောငြိမ်သက်ခြင်းသည် သင့်ကိုရှင်လန်းဝမ်းမြောက်စေလျက်၊ အဘယ်သူမျှနှုတ်ယူမရသော ငြိမ်သက်ခြင်းကို သင့်အထဲ၌ဖြစ်ပေါ်စေမည် ဖြစ်သည်။

ယေရှုခရစ်တော်၏ချစ်ခြင်းမေတ္တာဖြင့်

ဦးထင်ကျော် @ Dr. Tim

သိက္ခာတော်ရဒေါက်တာ Timothy C. Geoffrion သည်ခရစ်ယာန်အမှုတော်ဆောင်တစ်ဦးဖြစ်၍ ဓမ္မသစ်ကျမ်း ဆိုင်ရာ ဧည့်ပါမောက္ခအဖြစ် ရန်ကုန်မြို့တွင် ၂၀၀၇ ခုနှစ်ကတည်းက အစေခံသင်ကြား ပေးနေသူဖြစ်သည်။

ဘာသာပြန်သူ - စောနယူတန်